# ၄၅း ထာဝရဘုရား၏အိမ်တော်

ဆာ ၈၄း၁-၁၂

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား။ ကိုယ်တော် ကိန်းဝပ်တော်မူရာ အရပ်ဌာနတို့သည် အလွန် နှစ်သက်ဖွယ် ဖြစ်သည်တကား၊

**ထာဝရဘုရား၏ တံတိုင်းတော်တို့ကို အကျွန်ုပ်၏ ဝိညာဉ်သည် တသ၍ အားလျော့လျက် ရှိပါ၏။ အကျွန်ုပ် နှလုံးနှင့်ကိုယ်ခန္ဓာသည် အသက်ရှင်တော်မူသော ဘုရားသခင်ကို အလိုရှိ၍ ကြွေးကြော်ပါ၏။**

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား။ အကျွန်ုပ်၏ ရှင်ဘုရင်၊ ကျွန်ုပ်၏ ဘုရားသခင်၊ အကယ်စင်စစ် ယဇ်ပလ္လင်တော်တို့ အနားမှာ စာငှက်သည် နေရာအရပ်ကို လည်းကောင်း၊ ဇရက်သည်လည်း သားငယ်မွေးစရာ အသိုက်ကိုလည်းကောင်း တွေ့ရပါ၏။

**အိမ်တော်၌နေသော သူတို့သည် မင်္ဂလာရှိပါ၏။ ကိုယ်တော်ကို အစဉ်ချီးမွမ်း ကြပါလိမ့်မည်။**

ကိုယ်တော်ကို အားပြုသောသူသည် မင်္ဂလာရှိပါ၏။ ထိုသို့သောသူတို့သည် လမ်းခရီးတော်တို့ကို နှလုံးသွင်းတတ် ကြပါ၏။

**သူတို့သည် ဗာကာလွင်ပြင်၌ လျှောက်သွားစဉ်၊ ထိုလွင်ပြင်ကို စမ်းရေထွက်ရာအရပ် ဖြစ်စေကြပါ၏။ အရင် မိုးရေလည်း မင်္ဂလာများနှင့် လွှမ်းစေပါ၏။**

သူတို့သည် အားတိုး တက်၍ ခရီးသွားလျက်၊ ဇိအုန်မြို့မှာ ဘုရားသခင် ထံတော်၌ မျက်နှာပြ ကြပါ၏။

**ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်၏ ပဌာနာစကားကို မှတ်တော်မူပါ။ ယာကုပ် အမျိုး၏ ဘုရားသခင်၊ နားထောင်တော်မူပါ။**

အကျွန်ုပ်တို့ကို ကွယ်ကာတော် မူသောဘုရား၊ ကြည့်ရှုတော်မူပါ။ အထံတော်၌ ဘိသိက်ခံသောသူ၏ မျက်နှာကို ထောက်ရှုတော်မူပါ။

**တံတိုင်းတော်တို့ အတွင်း၌နေသော တရက်သည် အခြားအရပ်၌နေသော အရက်တထောင်ထက် သာ၍ ကောင်းပါ၏။ မတရားသော သူ၏နေရာ၌ နေရသော အခွင့်ထက်၊ အကျွန်ုပ်၏ ဘုရားသခင် အိမ်တော်၌ တံခါးစောင့်အရာကို အကျွန်ုပ်သာ၍ နှစ်သက်ပါ၏။**

ထာဝရ အရှင်ဘုရားသခင်သည် နေလည်း ဖြစ်တော်မူ၏။ အကွယ်အကာလည်း ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ကျေးဇူးတော်နှင့် ဘုန်းအသရေကို ပေးတော်မူ၏။ ဖြောင့်မတ်စွာ ကျင့်သောသူတို့အား ကောင်းသော အရာကို ငြင်းတော်မမူ။

**ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၊ ကိုယ်တော်၌ ခိုလှုံသော သူသည် မင်္ဂလာရှိပါ၏။**

ဆ